# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
## နေပြည်တော်
## အမိန့်အမှတ် ၁/၂၀၂၂
## ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
## (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

အကြောင်းအရာ။ **အတွင်းရေးမှူးရုံးအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့သို့(၄)လလျှင် တစ်ကြိမ်တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာပါ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံ (Action Plan)များ အနက် ဆောင်ရွက်ရန်ကျန်ရှိသည့် အချက်များအားသတ်မှတ်ကာလအတွင်း ပြီးစီးစေရန်နှင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့"ကို ၂၆-၁၀-၂၀၂၂ ရက်စွဲပါအမိန့်အမှတ်(၁၉၀/၂၀၂၂)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အဆိုပါ "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့" **အတွင်းရေးမှူး၏** လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် **အတွင်းရေးမှူးရုံးအဖွဲ့**အား အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ရဲမှူးကြီး မျိုးမင်းထိုက်
ဒုတိယတပ်ဖွဲ့မှူး
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ခ) ဒုတိယရဲမှူး ဝင်းနိုင်ထွန်း
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ဂ) ဒုရဲအုပ် သူရဇော်ဦး
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ဃ) ဒုရဲအုပ် ဆန်းလင်း
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

၃။ အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့သို့(၄)လလျှင် တစ်ကြိမ်တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာပါ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံ (Action Plan)ပါ လက်ငင်းရလဒ် (Immediate Outcome -IO) များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် **ဘာသာရပ်ဆိုင်ရာအထောက်အကူပြုအဖွဲ့** များအား အောက်ပါပုဂ္ဂိုလ်များဖြင့် ယှဉ်တွဲပါ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လက်ငင်းရလဒ်(IO)များအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ဘာသာရပ်ဆိုင်ရာအထောက်အကူပြုအဖွဲ့(၁)**

(၁) ဒုတိယရဲမှူးကြီး မြင့်စိုး **အဖွဲ့ခေါင်းဆောင်** (IO – 1, 3.2, 3.4, 6, 10, 11)
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၂) ရဲမှူး ကြူကြူစိန်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၃) ဒုတိယရဲမှူး ဟန်ဝင်းအောင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(IO– 6)

(၄) ရဲမှူး ခွာညို
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၅) ရဲအုပ် ညိုညိုထွေး
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(IO– 1, 3.2)

(၆) ဒုတိယရဲမှူး ရာဝင်း
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၇) ရဲအုပ် စုစုလှိုင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(IO– 3.4, 10, 11)

( ခ ) **ဘာသာရပ်ဆိုင်ရာအထောက်အကူပြုအဖွဲ့(၂)**

(၁) ဦးသူရိန်အောင် **အဖွဲ့ခေါင်းဆောင်** (IO – 7, 8)
ဒုတိယညွှန်ကြားရေးမှူး
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၂) ဒုရဲမှူးကြီး အောင်ကျော်စိုး
ဌာနခွဲမှူး
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၃) ဒုတိယရဲမှူး ကျော်ကျော်ဝင်း
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(IO– 7, 8)

**လုပ်ငန်းတာဝန်များ**

၄။ ရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

(ခ) အထောက်အကူပြုအဖွဲ့များ၊ လက်ငင်းရလဒ်(IO)များအလိုက် အကောင်အထည်ဖော်သည့် ဘာသာရပ်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

၅။ ဘာသာရပ်ဆိုင်ရာအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဘာသာရပ်ဆိုင်ရာအထောက်အကူပြု အဖွဲ့ဝင်များအနေဖြင့် တာဝန်ယူရသည့် IO အလိုက် APJG နှင့် APG တို့၏ မှတ်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

(ခ) ယှဉ်တွဲပါ လက်ငင်းရလဒ် (Immediate Outcome – IO)များအား **သတ်မှတ်ကာလအတွင်း** ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

(ဂ) လက်ငင်းရလဒ် (Immediate Outcome – IO)များ အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများအား ဘာသာရပ်ဆိုင်ရာအထောက်အကူပေးရန်၊ အချက်အလက်များဖြန့်ဝေပေးရန်။

(ဃ) သက်ဆိုင်ရာ လက်ငင်းရလဒ် (Immediate Outcome – IO)များ အလိုက် APG မှ သတ်မှတ်ထားသည့် ပုံစံအတိုင်း အစီရင်ခံစာရေးသားခြင်းကို တာဝန်ယူဆောင်ရွက်ရန်။

၆။ အတွင်းရေးမှူးရုံးအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာအထောက်အကူအပြုအဖွဲ့ များသည် လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတွင်းရေးမှူး၏ ညွှန်ကြားချက်နှင့် အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။

28/10

အတွင်းရေးမှူး
(ရဲမှူးချုပ် မျိုးသူစိုး)

စာအမှတ်၊ ၄၃၄၅ ( ၆၈၁၀ ) / ၁၄-၀၅ / ဦး ၄
ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်

**ဖြန့်ဝေခြင်း**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များအားလုံး
အဖွဲ့ဝင်များအားလုံး

မိတ္တူကို

ဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
မျော/လက်ခံ